လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** February 2023

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး စစ်တွေမြို့ရှိ ဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၊ ဝန်ထမ်းအိမ်ရာ၊ သိုလှောင်ရုံတည်ဆောက်မည့် မြေနေရာနှင့် ကလေးပြုစုရေးဌာနတို့အား ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့နှင့် ၆ ရက်နေ့ စစ်တွေမြို့**

ရခိုင်ပြည်နယ်စစ်တွေမြို့သို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် လိုက်ပါလျက် (၅-၂-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး စစ်တွေမြို့တွင် အခြေပြု၍ တာဝန်ထမ်းဆောင်နေသော လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ထိခိုက်လွယ်အုပ်စုဝင်များနှင့် ဘေးဒုက္ခတစ်မျိုးမျိုးကြောင့် ထိခိုက်ခံစားနေရသူများအား နိုင်ငံတော်ကိုယ်စား ကူညီထောက်ပံ့နေရခြင်း ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့်လုပ်ငန်းခွင်တွင် ကျွမ်းကျင်ပျော်ရွှင်စွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ လတ်တလောတွင် Quick Win Project အနေဖြင့် အခြေခံပညာကျောင်းများတွင် မိမိတို့ဌာနမှ ဆောင်ရွက်လျက်

ရှိသည့် ကလေးသူငယ်အခွင့်အရေး၊ သဘာဝဘေးနှင့် မိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရသည့်အတွက် ပါဝင်ဆောင်ရွက်ကြသည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြု ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း၊ ပြည်သူသို့ ဝန်ဆောင်မှုပေးရာတွင် e-government စနစ် ကို အသုံးချနိုင်ပါက ပိုမိုထိရောက် အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် မိမိတို့ဌာနအနေဖြင့် လူမှုရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (SMIS) ကို အကောင်အထည်ဖော်နေပြီဖြစ်ရာ ဝန်ထမ်းများအနေဖြင့် တိုးတက်လာသော နည်းပညာရပ်များကို လက်လှမ်းမီ အသုံးချနိုင်ရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်း မှာကြားခဲ့ပါသည်။



ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးက ဌာနမှ ချမှတ်ကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှု၊ သိုလှောင်ရုံစီမံခန့်ခွဲမှု၊ ထောက်ပံ့မှုနှင့် သဘာဝ ဘေး ကြိုတင်ကာကွယ်ရေး လေ့ကျင့်ပြင်ဆင်မှု ကဏ္ဍရပ် များတွင် အရာထမ်း၊ အမှုထမ်းများ၏ အဆင့်အလိုက် အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော အကြံပြုချက် များကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ပြည်နယ်ဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ပြည်ထောင်စုဝန်ကြီးအား တစ်ဦးချင်း မိတ်ဆက်ကာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ပြည်နယ်ဦးစီးမှူးရုံး (၄) ခန်းတွဲ (၃) ထပ် ဝန်ထမ်း အိမ်ရာနှင့် စက်ရုံစုရပ်ကွက်ရှိ ပြည်နယ်အဆင့် အိမ်ထောင်စု(၅၀၀၀)စာ ကယ်ဆယ်ရေး ပစ္စည်းသိုလှောင်ရုံ အသစ်တည်ဆောက်မည့် မြေနေရာအား သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား လမ်းညွှန် မှာကြားခဲ့ပါသည်။

အလားတူ (၆-၂-၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စီးပွားရေးရာ ဝန်ကြီးဦးစံရွှေမောင် လိုက်ပါလျက် စစ်တွေမြို့ ကလေး ပြုစုရေးဌာနသို့ ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်က အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့်ကလေး သူငယ်များအား ရှေ့ဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင် ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များနှင့်အညီ အသက် အရွယ်အလိုက် ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး ပြုစုပျိုးထောင်ပေးနေမှု အခြေအနေများကို ရှင်းလင်း

တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့သည် ကလေးသူငယ်များကို တစ်ဦးချင်း နှုတ်ဆက်အားပေးခဲ့ကြပါသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးကကလေးသူငယ်များအတွက် ပဲနို့နှင့် ပေါင်မုန့်များ ဝေငှပေးအပ်ခဲ့ပြီး ကလေးသူငယ်တစ်ဦးချင်းစီ၏ အနာဂတ်ကောင်းမွန်စေရေး အတွက် ၎င်းတို့၏ဝါသနာနှင့် စိတ်ပါဝင်စားမှုအပေါ် ဂရုတစိုက်လေ့လာ၍ ဆက်စပ် ဝန်ကြီးဌာနများမှ ဖွင့်လှစ်လျက်ရှိသည့် ကျောင်းများသို့ ပို့အပ်၍ အတန်းပညာနှင့် အတတ်ပညာများ သင်ယူ လေ့လာနိုင်စေရေးအတွက် လိုအပ်ပါက ကလေးပြုစုရေးဌာနများအနေဖြင့် အခြေခံပညာမူလတန်းအဆင့်ထက်ကျော်လွန်၍ ဆဋ္ဌမတန်း ပြီးမြောက်သည်အထိ သင်ကြား ပေးနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

## (၂၇) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲကျင်းပ ဆောင်ရွက်ခြင်း




**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ရန်ကုန်မြို့**

မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ (၂၇) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေး

အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့၌ ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ ဆောင်ရွက်ခဲ့ပါသည်။



အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်ကျော်မိုးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်(၃၀)ဦး၊ ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Mr. Thanasunthorn Sawangsalee ဦးဆောင်သော ထိုင်းကိုယ်စားလှယ် အဖွဲ့ဝင် (၁၅) ဦး တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့နိုင်ငံအသီးသီး၌ လူကုန်ကူးခံရမှုဖြစ်စဉ်များ မြင့်တက်လာခဲ့ရာ ၇၀ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြပြီး လူကုန်ကူးခံရသူ အမျိုးသားဦးရေမှာလည်း သိသိသာသာမြင့်တက်လာကြောင်း၊ နှစ်နိုင်ငံအနေဖြင့် အတည်ပြုဖော်ထုတ်ထားသော စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များအတိုင်း လူကုန်ကူးခံရသူများ၏အကောင်းဆုံး အကျိုးစီးပွားကို နှစ်နိုင်ငံပူးပေါင်း ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများကို ထိုင်းနိုင်ငံဂေဟာများတွင် လက်ခံစောင့်ရှောက်ပေးသည့်အပြင် ၎င်းတို့၏တရားစီရင်ရေးလုပ်ငန်းများပြီးဆုံးအောင် စောင့်ဆိုင်းနေသည့်ကာလအတွင်း ထိုင်းနိုင်ငံဂေဟာများမှ တာဝန်ရှိသူများက လူကုန်ကူးခံရသူများ ဝင်ငွေရရှိစေရန် ပြင်ပမှာ အလုပ်အကိုင်ရှာဖွေပေးပြီး အလုပ်အကိုင်နေရာချထားပေးတာကို သိရှိရသည့်အတွက် ထိုင်းနိုင်ငံဘက်ကို ကျေးဇူးတင်ရှိပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင် လူကုန်ကူးခံရသူများ၏ တရားစီရင်ရေးလုပ်ငန်းစဉ်များကို တတ်နိုင်သမျှ လျင်လျင်မြန်မြန် ပြီးစီးအောင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ လူကုန်ကူးခံရသူများ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် လူကုန်ကူးခံရသူ ဗဟိုပြုနည်းလမ်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ထိန်းသိမ်းသွားမှာဖြစ်ကြောင်းနှင့် အနာဂတ်တွင်လည်း နှစ်နိုင်ငံအနေဖြင့် လူကုန်ကူးခံရသူများရဲ့ အခွင့်အရေးများကို အပြည့်အဝ

ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။




ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသား လုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Mr. Thanasunthorn Sawangsalee က မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အတူတကွ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လုပ်ဆောင်ခဲ့သည်မှာ (၁၀)နှစ်ကျော်ကြာခဲ့ပြီး အတွေ့အကြုံ များနှင့် ရလဒ်ကောင်းများစွာရရှိခဲ့ပါကြောင်း၊လူကုန်ကူးမှု တိုက်ဖျက်ရေးကို မြန်မာ-ထိုင်း နှစ်နိုင်ငံသာမက နိုင်ငံပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုသည် ဒေသတွင်း နိုင်ငံများအတွင်း အကောင်းဆုံး လုပ်ဆောင် နိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်း လုပ်ဆောင်နေသူများအတွက် လူကုန်ကူးမှုများသည် ကြီးမားသော စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်လာရသော ကြောင့် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး နှင့်လူသားလုံခြုံရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် Mr. Thanasunthorn Sawangsalee တို့ဦးဆောင်၍ အစည်းအဝေးကို ဆက်လက်ကျင်းပ ဆောင်ရွက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ၎င်းတို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များအား အပြည့်အဝ ရရှိစေရေး စသည့်ကိစ္စရပ်များကို နှစ်နိုင်ငံပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များအား လက်ခံစောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေ အား လေ့လာဆန်းစစ်သည့် သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ — နေပြည်တော်**

နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေး သူငယ်များအား လက်ခံစောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေအား လေ့လာဆန်းစစ် သည့် သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးအား (၁၆-၂-၂၀၂၃) ရက်နေ့တွင်

နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၂) ပြုလုပ်ခဲ့သောဆုံးဖြတ်ချက်အရ နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များ လက်ခံစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဥပဒေနှင့်ဆောင်ရွက်ထားရှိမှုအခြေအနေအား လေ့လာဆန်းစစ်သည့် သုတေသနလုပ်ငန်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားရှိခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ညှိနှိုင်းအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။




ထို့အပြင် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ INGOs/ NGOsများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး UNCRCပါ ကလေးသူငယ်များနှင့်ပတ်သက်ပြီး အသက်ရှင်သန်ခွင့်(Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့်(Development)၊ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်(Protection)နှင့်ပါဝင်ဆောင်ရွက်ခွင့်(Participation) စသည့် ကလေးသူငယ်အခွင့်အရေး (၄) ရပ်ကို Focal Ministry အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အခွင့်အရေး (၄) ရပ်ကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ (၂၀၁၄)၊ နည်းဥပဒေ(၂၀၁၅)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉)၊ ပရဟိတဂေဟာ၊ သင်တန်းကျောင်းများတွင် အနိမ့်ဆုံးထားရှိရမည့် စံချိန်စံညွှန်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့်မှတ်ပုံတင်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်း လမ်းညွှန်စသည်တို့ကို ရေးဆွဲပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိပါ

ကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင်နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနလုပ်ငန်းသည်အရေးပါပါကြောင်း၊ သုတေသနမှ ထွက်ပေါ်လာသော ရလဒ်များဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုအခါ ဝန်ကြီးဌာနအနေဖြင့် လူမှုရေးပညာဘွဲ့ ဒီဂရီပေးအပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ လူမှုရေးပညာဘွဲ့၏ သင်ရိုးညွှန်းတမ်းတွင် သုတေသနဘာသာရပ် ထည့်သွင်းပါရှိပါကြောင်း၊ လူမှုရေး ပြဿနာများနှင့် ပတ်သက်သော သုတေသနများ လုပ်ဆောင်ခြင်းဖြင့် နောက်ပိုင်းတွင် သုတေသန လုပ်ငန်းများ ပို၍အရှိန်ရအားကောင်းလာမှာဖြစ်ပါကြောင်း၊ သုတေသနမှ ထွက်ပေါ်လာသော ရလဒ်များကိုလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးတွင် ရှင်းလင်းတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ချက်များအပေါ် မည်သို့ဖြေရှင်းဆောင်ရွက် ပေးရမည်ဆိုသည့် နည်းလမ်းများ ရရှိလာမှာဖြစ်ပါကြောင်း၊ ကလေးများသည် မိမိတို့၏ နိုင်ငံ့ အနာဂတ်များ ဖြစ်ပါကြောင်း၊ နိုင်ငံ့အနာဂတ်ကလေးများအတွက် မိသားစုမှစတင်ပြီး မိသားစုဘဝကို ပိုပြီးအလေးထားခြင်းဖြင့် မိသားစုဘဝ ပို၍ကောင်းမွန်ပြီး မိသားစုကောင်းလျှင် Society တစ်ခုလုံး ကောင်းမွန်လာမှာ ဖြစ်ပါကြောင်း၊ ကလေးများသည်လည်း ဂေဟာသို့သွားရသည့် ပမာဏမှာ လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိသားစုနှင့် မနေရသော ပရဟိတဂေဟာများတွင် ရောက်ရှိနေသော ကလေးများကို နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များအဖြစ်သတ်မှတ်၍ တန်ဖိုးထားစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ မိသားစုတွင်းရှိ ကလေးများ သာမက ပရဟိတဂေဟာများရှိ ကလေးများပါ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိကာ မိမိကိုယ်ကို တန်ဖိုးထား အလေးထားတတ်စေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ နိုင်ငံအတွင်းရှိ ပရဟိတဂေဟာများတွင် ကလေးသူငယ်များ လက်ခံ စောင့်ရှောက်မှုနှင့် ပတ်သက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ဆောင်ရွက် ထားရှိမှုအခြေအနေအား လေ့လာဆန်းစစ်သည့် သုတေသနလုပ်ငန်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးမှ ရှင်းလင်းတင်ပြခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အထွေထွေ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို နေ့လယ် (၁၁:၄၀)တွင် ရုပ်သိမ်းခဲ့ပါသည်။

# လမ်းပေါ်နေကလေးများလျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက် သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း




**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့** **နေပြည်တော်**

လမ်းပေါ်နေ ကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက် သုံးသပ်ညှိနှိုင်း အစည်းအဝေးကို (၁၇.၂.၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ သက်သက်ခိုင်၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် စီမံချက်နယ်မြေများမှ ညွှန်ကြားရေးမှူး များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုစီမံချက်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ အချိန်ကာလ (၁) နှစ်ခွဲ သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်ကာလအတွင်း ချမှတ်ထားသည့် လုပ်ငန်းစဉ်များ ကို သတ်မှတ်ကာလအတွင်း ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စီမံချက်မြို့နယ်များတွင်လည်း လမ်းပေါ်နေကလေးများ၏ အချက်အလက် ဆန်းစစ် လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး လမ်းပေါ်နေ ကလေးများ၏ သဘောသဘာဝနဲ့ လမ်းပေါ်နေကလေး ဖြစ်ရခြင်း အကြောင်းရင်းများကို ထပ်မံလေ့လာ၍ လက်တွေ့မြေပြင် အတွေ့အကြုံများအရ အသိပညာပေး ခြင်း၊ ဖြစ်ရပ်စီမံခန့်ခွဲခြင်း၊ သက်မွေးပညာ၊ အတတ်ပညာ

နဲ့ ကျောင်းပြင်ပပညာရေးပံ့ပိုးမှု၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတို့ရဲ့ ပါဝင်ဆောင်ရွက်မှုစသည့် အခန်းကဏ္ဍများ အလိုက်အရေးပါသည့် အစိတ်အပိုင်းများကို ဦးစားပေးနယ်ပယ်သတ်မှတ်ပြီး ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ဆွေးနွေးမှာကြားခဲ့ပါသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စီမံချက်ကာလအတွင်း ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ စီမံချက်အပေါ်အားသာချက်၊ အားနည်းချက်တို့နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စီမံချက်နယ်မြေများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီတို့မှ ညွှန်ကြားရေးမှူးများက လမ်းပေါ်နေကလေးများလျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်အပေါ် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် စီမံချက်အပေါ် သုံးသပ်တင်ပြချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။

နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုဝန်ကြီးက လမ်းပေါ်နေ ကလေးဖြစ်ရခြင်း၏ အဓိက အခြေခံအကြောင်းအရင်းတစ်ရပ်မှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်ပြီး ပြဿနာ၏ ဇစ်မြစ်ကို သိသော်လည်း လက်တွေ့ ရင်ဆိုင်ဖြေရှင်းရာတွင် ကလေးနှင့်မိသားစုများ၏ နောက်ခံအကြောင်းအရင်း၊ ပတ်ဝန်းကျင် အခြေအနေ၊ ၎င်းတို့ရဲ့ ဘဝခံယူချက်၊ လူ့အဖွဲ့အစည်း၏ အမြင်သဘောထား၊ တုံ့ပြန်ဆက်ဆံမှုစသည့် မြင်သာပြီး ဖြေရှင်းရန် ခက်ခဲသည့် လူမှု-ယဉ်ကျေးမှု အခြေအနေတွေအပေါ်မှာ မူတည်နေကြောင်းကို သုံးသပ်နိုင်ပါကြောင်း၊ ယခုစီမံချက်ပါ မြို့နယ်များမှာ တွေ့ကြုံခဲ့တဲ့ဖြစ်ရပ်များကို နမူနာယူပြီး အခြားအလားတူဖြစ်ရပ်များတွင် ပိုမိုသာလွန်ကောင်းမွန်တဲ့ ဖြစ်ရပ်စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါကြောင်း၊ ယခုစီမံချက်ပါ ကလေးများနှင့် မိဘများကိုလည်း ထပ်မံ၍ လမ်းပေါ်နေကလေးများ မဖြစ်ပေါ်စေဘဲ လမ်းပေါ်နေသံသရာက လွတ်မြောက်စေဖို့အတွက်ချမှတ်ထားတဲ့ အစီအစဉ်တွေအတိုင်း နောက်ဆက်တွဲ စောင့်ရှောက်မှုများကို အကောင်ထည်ဖော်ဆောင်ရွက်ပြီး စနစ်တကျ မှတ်တမ်းတင်ထားရှိဖို့လည်း လိုအပ်ပါကြောင်း၊ ယခုစီမံချက်မှာ ပါဝင်ဆောင်ရွက်ပေးခဲ့ကြတဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား နေ့လယ် (၁၂:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။



လမ်းပေါ်နေ ကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက်အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ (၁၈)လတာ

သတ်မှတ် ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ကောင်စီ၊ ပျဉ်းမနားမြို့နယ်၊မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊အောင်မြေသာစံနှင့်ချမ်းအေးသာစံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်း၊ မင်္ဂလာတောင်ညွန့်၊ လှိုင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ လမ်းပေါ်နေကလေး(၁၀၀)ဦးအတွက် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

## Basic Social Work Skills Development သင်တန်းဖွင့်ပွဲ ကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့** **နေပြည်တော်**

Basic Social Work Skills Development သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၂၀-၃-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် Basic Social Work Skills Development သင်တန်းကို လူမှုရေး ပညာရပ်ဆိုင်ရာ အခြေခံသဘောတရားတို့ကို သိရှိနားလည်နိုင်စေရန်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ဖြစ်စေ

ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် လူမှုရေးပြဿနာ ရင်ဆိုင်နေရသူများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို များအပြင် ကလေးသူငယ်၊ လူငယ်စသည့် လူအမျိုးမျိုးနှင့် ထိတွေ့ဆောင်ရွက်ရသောကြောင့် ယင်းတို့ လိုအပ်သော မတူညီသည့် လိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက် ပေးရမှာဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင် ယနေ့သင်တန်း တက်ရောက်သည့် သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် လူမှုရေးပညာ ဘာသာရပ်၏ အခြေခံသဘောတရားတို့ကို သိမြင် နားလည်နိုင်ခြင်း၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်နေ သူများ၏ အခန်းကဏ္ဍနှင့် သိရှိရန်လိုအပ်သည့် ကျွမ်းကျင်မှုတို့ကို သိရှိနိုင်ခြင်း၊ လူမှုရေးပြဿနာ၊ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် တစ်ဦးချင်း၊ အဖွဲ့လိုက်၊ ရပ်ရွာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်နိုင်မှုတိုးတက်ကောင်းမွန်လာခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းခွင် စွမ်းဆောင်ရည် မြင့်မားလာခြင်းနှင့် ဦးစီး ဌာန၏ လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ၏ မူဝါဒများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အပြင် ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေး အကောင်အထည် ဖော်ရာတွင်လည်း လူမှုရေးပညာရပ်သည် အရေးပါသည် ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်မည့် အရာထမ်း၊ အမှုထမ်းများသည် ယခုသင်တန်း တက်ရောက်ပြီးပါက လူမှုရေးပညာဘာသာရပ်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နည်းလမ်းများ၊ ဗဟုသုတတို့ကို သိမြင်နားလည်နိုင်ပြီး စွမ်းဆောင်ရည်မြင့်မားလာစေမည် ဖြစ်ပါကြောင်း၊ ပို့ချမည့် သင်ခန်းစာတွေကို စိတ်ပါဝင် စားစွာဖြင့် သင်ယူမှတ်သားကြဖို့နှင့် လက်တွေ့လုပ်ငန်း နယ်ပယ်အတွက်အသုံးချဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။



ယနေ့သင်တန်းတွင် လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံသဘောတရားများ၊ လူမှုရေးလုပ်ငန်း ဆောင်ရွက် သူများ၏ အခန်းကဏ္ဍ၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်သူ များ ကျင့်သုံးဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လိုက်နာရန် လိုအပ်သောကျင့်ဝတ်စည်းမျဉ်းများ၊လူတစ်ဦး ချင်း၊ အဖွဲ့လိုက်နှင့်ရပ်ရွာအတွင်း ကူညီဆောင်ရွက်ပေး ရမည့်နည်းလမ်းများအပြင်လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား-မတန်းတူညီမျှရေး၊ မသန်စွမ်းမှုဆိုင်ရာ လူမှုရေး နည်းလမ်းအရ ကူညီဆောင်ရွက်ပေးနေသောလုပ်ငန်း အစီအစဉ်များနှင့် သက်ဆိုင်သည့် သင်ခန်းစာတို့ကို ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များမှ (၂၀.၂.၂၀၂၃) ရက်နေ့မှ (၂၂.၂.၂၀၂၃) ရက်နေ့အထိ (၃)ရက်တာ ပို့ချခဲ့ပါသည်။

# ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ECI လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ECI ရှေ့လုပ်ငန်းစဉ်များရေးဆွဲခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား




**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ — နေပြည်တော်**

ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ (Early Childhood Intervention – ECI) လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ECI ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို (၂၂-၂-၂၀၂၃)ရက်နေ့တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ECI စီမံချက်အလိုက် တိုင်းဒေသကြီး/ ပြည်နယ်များမှ အရာထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာ့ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ (၂၀၁၄) ပါ မဟာဗျူဟာ(၃)အရ ဆောင်ရွက်ခဲ့သည့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ECI ရှေ့ပြေး စီမံချက် နယ်မြေ(၄)ခုတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ လုပ်ငန်းစဉ်များအပေါ် ပြန်လည် သုံးသပ် ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ ECI ဆိုင်ရာအသိပညာပေးခြင်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ECI ဆိုင်ရာ မိဘအသိပညာပေးသင်တန်းများအား Online သင်တန်းနှင့် In-person သင်တန်းတို့ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် နေပြည်တော်ကောင်စီ၊ ပုဗ္ဗသီရိမြို့နယ်၊ သဇင်လှကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပဒံ

ရပ်ကွက်တို့တွင် အသက်(၆)လမှ (၅)နှစ်အရွယ် ကလေး (၂၆၆) ဦးတို့အား ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးနိုင်ခဲ့ပြီး လက်ရှိ အချိန်အထိ ECI ဆန်းစစ်ပြီးသော ကလေးဦးရေမှာ (၇၇၀၂) ဦးအထိ ရှိပါကြောင်း၊ ECI ဆောင်ရွက်မှုများသည် ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ပါ ကလေးသူငယ်အခွင့်အရေး (၄)ရပ်အနက်မှ “ဖွံ့ဖြိုးတိုးတက်ခွင့် (Rights to Development)” ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟုဆိုနိုင်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် ECI လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိမိတို့တတ်နိုင်သမျှ အကောင်အထည် ဖော်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းစဉ်းစားအကြံပြုပြီး ရှေ့လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ရန်နှင့် ECI သင်တန်းများရရှိခဲ့ပြီး နည်းပြ အဖြစ် ဆောင်ရွက်နိုင်ခြေရှိသူများဖြင့် နောင်လာမည့် ECCD သင်တန်းများတွင် ဘာသာရပ် တစ်ခုအနေဖြင့် ထည့်သွင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး သင်ခန်းစာများရေးဆွဲခြင်း၊ ToT သင်တန်းများ ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပြီး မိမိတို့ မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ မိခင်ဝိုင်းများနှင့် ပရဟိတ ဂေဟာများတွင် အသိပညာပေးခြင်းနှင့် ECI ဆန်းစစ်ခြင်းတို့ကို စီမံချက်ရေးဆွဲ၍ ဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဒီကနေ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် သင်တန်းတို့မှာ ဘာသာရပ်များ စနစ်တကျ ရေးဆွဲပြီး ရှေ့လုပ်ငန်းစဉ်များကို ရလဒ်ကောင်းများ ရရှိအောင် အတတ်နိုင်ဆုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လက်ရှိ အခြေအနေနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ (ECI) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ECI လုပ်ငန်းအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို (၂၂.၂.၂၀၂၃) ရက်နေ့မှ (၂၃.၂.၂၀၂၃) ရက်နေ့အထိ နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပမှာဖြစ်ပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ဘာသာရပ်ဆိုင်ရာ ဝန်ထမ်း(၂၅)ဦး တက်ရောက်ခဲ့ပါသည်။

## အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း NSPAW Phase II ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နေပြည်တော်**

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW Phase II ရေးဆွဲရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို(၂၄-၂-၂၀၂၃)ရက်နေ့တွင် နေပြည်တော်ရှိ Aureum Palace Hotel, Lake View Hall ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း Phase II ရေးဆွဲရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း Phase II ရေးဆွဲရေးလုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်က နိုင်ငံတော် အနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ကျား-မတန်းတူညီမျှသည့် အနာဂတ်ကိုဖော်ဆောင်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ် အစီရင်ခံစာအရ

အမျိုးသမီးက ၅၃.၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အနေနဲ့ ကုလသမဂ္ဂကထုတ်ပြန်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDG) ပန်းတိုင်အမှတ်(၅) ဖြစ်သည့် ကျား-မ တန်းတူညီမျှရေး နှင့်အမျိုးသမီးများနဲ့ အမျိုးသမီးငယ်များ၏စွမ်းဆောင်ရည် မြှင့်တင်ပေးရေးတို့ ကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women-NSPAW) (၂၀၁၃-၂၀၂၂) (Phase I) ကို မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီး ကော်မတီ၏ ဦးဆောင်မှုဖြင့် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံကိန်းအနေဖြင့် ၂၀၂၂ ခုနှစ်မှာ စီမံကိန်း ကာလ ပြီးဆုံးခဲ့ပြီးဖြစ်ကာ စီမံကိန်း၏ အားသာချက်၊ အားနည်းချက်များအပေါ် လေ့လာ သုံးသပ်ထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံကိန်း (Phase II) ကို ဆက်လက် ရေးဆွဲနိုင်ရေး ဆက်စပ်ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်း များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါ ကြောင်း၊ အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် cross-cutting issue ဖြစ်တဲ့အတွက် မဟာဗျူဟာစီမံကိန်းကိုအကောင်အထည် ဖော်ဆောင်ရာမှာ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ အလိုက်ဆက်စပ် ဝန်ကြီးဌာနများ၏ လုပ်ငန်းစီမံကိန်းများ နှင့် ချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တိုက်တွန်း ပြောကြားလိုပါကြောင်း ပြောကြားခဲ့ပါသည်။



အစီအစဉ်အရလူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေး မှူးချုပ်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း Phase II ရေးဆွဲ ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်များ ရှင်းလင်း တင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသော ဦးဆောင် ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြကာ ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ် စကားပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နေပြည်တော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ

၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ ဖြစ်ကြသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏အဖွဲ့ဝင်၊ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် မြန်မာနိုင်ငံအတွင်းမှာရှိသည့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို အကျယ်တဝင့် ဆောင်ရွက်နိုင်ရန်တို့အတွက် ဖွဲ့စည်းထားသည့် နိုင်ငံအဆင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရေးအတွက် မူဝါဒ(၄)ရပ်၊လုပ်ငန်းတာဝန်(၇)ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီဝင် အစိုးရဌာန/ အဖွဲ့အစည်းများအနေနှင့် ချမှတ်ထားသည့်မူဝါဒများနဲ့အညီ လုပ်ငန်းတာဝန်များကိုလည်းအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ဒါ့အပြင် ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စသည့် ဒေသမြေပြင်များမှာပါ သက်ဆိုင်ရာ အမျိုးသမီးကော်မတီများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ ဦးစီးရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women - NSPAW) (၂၀၁၃-၂၀၂၂)မှာ စီမံချက်သက်တမ်း ကုန်ဆုံးပြီဖြစ်၍ NSPAW Phase II (၂၀၂၃- ၂၀၃၂) ကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများပါဝင်သည့် ဦးဆောင်ကော်မတီ(၁)ရပ်နှင့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သည့် လုပ်ငန်းကော်မတီ(၁၂)ခုကိုဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်ရေးဆွဲထားသည့် "ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးများအတွက်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းစီမံချက်” ကို ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနှင့် ရခိုင်ပြည်နယ် စီမံချက်ကျေးရွာများတွင် Quick win project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ငယ် မုဒိမ်းအပါအဝင် ကျား-မ အခြေပြု အကြမ်းဖက်မှု (Gender Based Violence- GBV)များနဲ့ ပတ်သက်ပြီး ဆက်သွယ်တိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် “1566” ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင် မြန်မာနိုင်ငံတွင် အမျိုးသမီးထုသည် လူဦးရေ၏ (၅၃) ရာခိုင်နှုန်းရှိသောကြောင့် အစိုးရက ဦးဆောင်၍ အမျိုးသမီးထုတစ်ရပ်လုံး ဖွံ့ဖြိုးရေးနှင့် ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများသည်လည်း အရေးပါသည့် ကဏ္ဍများဖြစ်သောကြောင့် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ဆွေးနွေးတင်ပြခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဝင်များက ကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေ ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အစည်းအဝေးကို နေ့လယ် (၁:၃၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်ခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့** **ရန်ကုန်မြို့**

သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံနှီးနှောခြင်းအလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊တိုင်းဒေသကြီး

လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ကြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာနှင့် ဘိုးဘွားရိပ်သာများမှ ဖိတ်ကြားခံ ဘိုးဘွားများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကဝန်ကြီးဌာနအနေဖြင့် အားလုံးအကျုံးဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်နှင့် လူမှုစီးပွားဘဝတိုးတက်ကာ ပိုမိုဘေးကင်းလုံခြုံပြီး သဘာဝ ဘေးဒဏ်ခံနိုင်ရည်ရှိသည့် လူအဖွဲ့အစည်းဖြစ်လာစေရေးအတွက် သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရိပ်သာအခြေပြု၊ ရပ်ရွာအခြေပြုနှင့် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရိပ်သာအခြေပြု စောင့်ရှောက်မှုအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက တည်ထောင်ဖွင့်လှစ်ထားတဲ့ ဘိုးဘွားရိပ်သာများကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ အဆင့်အလိုက် ငွေကြေးထောက်ပံ့ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဘိုးဘွားရိပ်သာ (၉၃) ခုမှ ဘိုးဘွားစုစုပေါင်း (၂,၆၅၃) ဦး အတွက် (၃၁၄.၅၂၉) ကျပ်သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ လူမှုရေးအရ အထီးကျန်ဆန်ခြင်းကို လျှော့ချပေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်များ၏အခန်းကဏ္ဍများကို ပိုမိုတိုးမြှင့်နိုင်ဖို့အတွက်“သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ” ဖွင့်လှစ်ခဲ့ပြီး အသက်(၇၀)နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များကို လက်ခံစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ဒေသရပ်ရွာအတွင်းတွင် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးရသူများအနေဖြင့် စနစ်တကျပြုစုစောင့်ရှောက်မှုပြုပေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် အတွက် လိုအပ်ချက်နှင့်ကိုက်ညီသည့် နည်းပညာများ ရရှိစေရန်တို့ကို ရည်ရွယ်ပြီး “သက်ကြီးပုဂ္ဂိုလ်များအတွက် ပြုစုစောင့်ရှောက်သူ (Care Giver)” သင်တန်း ကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်းပြောကြားခဲ့ပါသည်။




ထို့အပြင် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝမြှင့်တင်ရန်၊ လိုအပ်သော ကျန်းမာရေး နှင့် လူမှုရေးစောင့်ရှောက်မှုများပေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်များအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရရှိခံစားနိုင်စေရန်တို့အတွက် “သက်ကြီးရွယ်အိုများ ဆိုင်ရာဥပဒေ” ၂၀၁၆ နှင့် နည်းဥပဒေများ ၂၀၂၂ တို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ “မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ”ကို ဖွဲ့စည်းနိုင်ခဲ့ပြီး လုပ်ငန်းညှိနှိုင်း

အစည်းအဝေးများကို နှစ်စဉ်ကျင်းပ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးမှာ သက်ကြီးပုဂ္ဂိုလ်ဦးရေဟာ အရေအတွက် လျင်မြန်စွာ တိုးပွား လာနေသည့်အတွက် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝမြှင့်တင်နိုင်ရေး၊ လိုအပ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ရေရှည်မှာ ယခုထက် ပိုမိုကောင်းမွန်သည့် အစီအမံများကို ရေးဆွဲချမှတ် ဆောင်ရွက်ပေးနိုင်ရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင်၂၀၁၄ခုနှစ်မှာ အတည်ပြု ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံလူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်ပါ လုပ်ငန်းစဉ် (၈) ရပ်အနက် တစ်ခုဖြစ်တဲ့ လူမှုရေးပင်စင် ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်၊တတိယသုံးလပတ်အတွက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ (၂၀၆,၈၈၇) ဦးရှိပြီး ဘဏ္ဍာရေးနှစ် တစ်နှစ်လုံး အတွက် (၃) ကြိမ်စာအဖြစ် ရန်ပုံငွေကျပ် (၂၀.၂၈၁) ဘီလီယံကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ယနေ့အလုပ်ရုံ ဆွေးနွေးပွဲမှာ သက်ကြီးပုဂ္ဂိုလ်တွေရဲ့ စကားသံများကို နားထောင်ပြီး လိုအပ်တဲ့ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ဖို့၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့်ရရှိဖို့၊ သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားမှုကို ပြသနိုင်ရန်နှင့် သက်ကြီးသူများ အချင်းချင်း အခုလို တွေ့ဆုံကြခြင်းဖြင့် အတွေ့အကြုံကောင်းတွေ မျှဝေနိုင်ရန်နှင့် ရရှိလာမည့် အချက်အလက်များ အပေါ်မှာမူတည်ပြီး အနာဂတ်တွင် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်မှု လုပ်ငန်းစဉ်များ ရေးဆွဲရာမှာ အထောက်အကူပြုနိုင်မှာ ဖြစ်တဲ့အတွက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ခွင့်ရသည့် အဘိုးအဘွားများအနေဖြင့် အတွေ့အကြုံများနှင့်အတူ လက်ရှိဆောင်ရွက်ပေးမှု အခြေအနေများအပေါ် အကြံပြုလိုသည့်အချက်များကို အဘိုးအဘွားတို့က ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသူများနှင့် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးကာ တက်ရောက်လာသော ဘိုးဘွားများက အုပ်စုများခွဲ၍ ဘိုးဘွားများနှင့် ပတ်သက်သည့် စောင့်ရှောက်မှု အစီအစဉ်များ၊ သက်ကြီးဖြစ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရမည့်အချက်များ၊ ဖြစ်ပွားတက်သည့် ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့် အချက်များ၊ ပုံမှန်ဝင်ငွေ၊ စားသောက်နေထိုင်ရေး၊

လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့် စသည့်ခေါင်းစဉ်များဖြင့် အုပ်စုလိုက် ဆွေးနွေးခဲ့ကြပြီး သက်ကြီးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ် အနှစ်ချုပ် ဆွေးနွေးပေးခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်းများမှ ၂၀၂၁-၂၀၂၂ ခု၊ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွင်း ဆုရရှိသည့် ကျောင်းသား/သူများ ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ရန်ကုန်မြို့**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး လိုက်ပါလျက် အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ) တွင် ကျင်းပပြုလုပ်သည့် လူငယ်သင်တန်း ကျောင်းများမှ ၂၀၂၁-၂၀၂၂ ခု၊ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွင်း ဆုရရှိသည့် ကျောင်းသား/သူများ ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားသို့ ပါဝင်တက် ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ယခုလို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရခြင်းမှာ ကျောင်းသားမောင်မယ်များအနေဖြင့် စိတ်ပါဝင်စားသည့် နယ်ပယ်အလိုက် ဆင့်ကဲကြိုးစားလိုစိတ်ဖြစ် ပေါ်လာစေရန်နှင့် မိမိတို့အနေဖြင့် မိဘအုပ်ထိန်းသူများဖြစ်သည့်အတွက် ကိုယ့်သား/သမီးများ၏ အောင်မြင်မှုကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပေးခြင်းလည်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သင်တန်းကျောင်းအခြေပြု၊ ရပ်ရွာအခြေပြုလုပ်ငန်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းကျောင်း အခြေ

ပြုလုပ်ငန်းများသည် ကလေးနှင့် လူငယ်စောင့်ရှောက်ရေး လုပ်ငန်း၏ အရေးကြီးသည့် လုပ်ငန်းရပ်လည်း ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။




ထို့အပြင် လူမှုဝန်ထမ်းလုပ်ငန်းများတွင် ဖြစ်ရပ်တစ်ခုချင်း၊ ဆင့်ကဲဖြစ်စဉ်အစုလိုက်နှင့် ရပ်ရွာအဆင့်လုပ်ငန်း စသဖြင့် တိုက်ရိုက်ပံ့ပိုးပေးရသည့် နည်းလမ်းများအပါအဝင် လူမှုရေးဥပဒေများ၊ မူဝါဒများ ထုတ်ပြန်ခြင်း၊ လူမှုရေးစီမံခန့်ခွဲမှုနှင့် လူမှုရေးသုတေသနလုပ်ငန်းစသည့် သွယ်ဝိုက်ပံ့ပိုးပေးရသည့်နည်းလမ်းများစသဖြင့်အမျိုးအစားများရှိပြီး အခုကဲ့သို့ သင်တန်းကျောင်းများဖွင့်လှစ်ပြီး စောင့်ရှောက်မှုပြုခြင်းသည် လူမှုဝန်ထမ်းလုပ်ငန်းရပ်များအားလုံးနီးပါးနှင့် အကျုံးဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကလေးသူငယ်များအနေဖြင့် အသက်(၁၈)နှစ်ပြည့်ပြီးသည့် နောက်ပိုင်း မိမိကိုယ်တိုင် ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အတန်းပညာတစ်ခုခု သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာတစ်ခုခုကို သင်ကြားတတ်မြောက်ထားရှိမှသာ ရေရှည်တွင် အခက်အခဲမရှိဘဲ ဘဝရပ်တည်မှု ခိုင်မာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ကလေးများ၏ အခြေအနေကို အကဲဖြတ်မှတ်တမ်းများ ထားရှိရမည်ဖြစ်ပြီး ကလေးပြုစုစောင့်ရှောက်သူများ၏ အခြေအနေ၊ ကျောင်း၏ စီမံခန့်ခွဲမှုနှင့် ကျောင်းပတ်ဝန်းကျင် တိုးတက်ရေး အခြေအနေတို့ကိုလည်း ဆန်းစစ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဌာနရှိ ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်လည်းရှိပြီးဖြစ်သည့်အတွက် သင်တန်းကျောင်း၏ လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စီမံခန့်ခွဲသည့် နေရာတွင်လည်း ထိရောက် အောင်မြင်လာမည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည် ဆန်းစစ် သုံးသပ်နိုင်စေရေးအတွက် **"လူငယ်သင်တန်းကျောင်းများ၏ အလုပ်ရုံဆွေးနွေးပွဲ"** ကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကလေးလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ ကလေးလူငယ် ယာယီ စောင့်ရှောက်ရေး သင်တန်းကျောင်း၊ ကလေးလူငယ်ပြုပြင်ထိန်းသိမ်းရေး သင်တန်းကျောင်း စသည့် စောင့်ရှောက် ထားရှိသည့် အမျိုးအစားအလိုက် သင်တန်းကျောင်းများ သတ်မှတ်ဖို့လည်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် ကျောင်းသား မောင်မယ်များအနေဖြင့် အမှန်တကယ် ကြိုးစားလျှင် ကြိုးစားမှုနှင့် ထိုက်တန်သည့် အခွင့်အလမ်းများကို ရရှိခံစားရမှာဖြစ်ပါကြောင်း၊ တစ်ဦးချင်းစီအလိုက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းသွားရမှာဖြစ်ပြီး အခုလိုငယ်ရွယ်စဉ်မှာ အချိန်ကို အကျိုးရှိစွာ အသုံးချသွားရန် လိုအပ်ကြောင်းနှင့် တစ်ဦးချင်းစီအလိုက် ရည်မှန်းချက် ပန်းတိုင်များလည်း ထားရှိရမှာဖြစ်ကြောင်း၊ တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို

ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ရန်အတွက်လည်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထူးချွန်ထက်မြက်သည့်သူများ ဖြစ်အောင်၊ မိမိနိုင်ငံ၊ မိမိ ဒေသ၊ မိမိကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြသူများ ဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ သင်တန်းကျောင်းများ အလိုက် ထူးချွန်ဆုရ ကျောင်းသား/သူများအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မရမ်းကုန်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် ထူးချွန်ကျောင်းသား/သူများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပါသည်။



ဆက်လက်၍ ကျောင်းသား/ သူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

## အာဆီယံမဏ္ဍိုင်(၃)ရပ်အောက်ရှိ ဌာနဆိုင်ရာများမှ အာဆီယံအဆင့်မြင့်အရာရှိကြီးများအား ASEAN Gender Mainstreaming နှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းဆိုင်ရာ အစည်းအဝေး ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့** **နေပြည်တော်**

အာဆီယံမဏ္ဍိုင် (၃) ရပ်အောက်ရှိ ဌာနဆိုင်ရာများမှ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အား ASEAN Gender Mainstreaming နှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းဆိုင်ရာအစည်းအဝေးကိုယနေ့မွန်းလွဲပိုင်းတွင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ASEAN Sectoral Bodies များနှင့် ကဏ္ဍခွဲအသီးသီးအား Focal Point အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




အဆိုပါ အစည်းအဝေး၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ASEAN Community Vision 2025 နဲ့အညီ လူမှုရေးပြဿနာနှင့် ဘေးဒုက္ခများကို ခံစားနေရသော ထိရှလွယ်သည့်အုပ်စုများအတွက် လူမှုရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအား အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ INGOs များ၊ NGOs များ၊ CSOs များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကဏ္ဍရဲ့ ကဏ္ဍခွဲတွေဖြစ်သည့်အာဆီယံလူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် အာဆီယံ အမျိုးသမီး၊ ငြိမ်းချမ်းရေးမှတ်ပုံတင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့မှ (၂၄)ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့ တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ACWC and ACW Special Consultation Meeting on ASEAN Gender Mainstreaming Strategic Framework တွင် ဆွေးနွေးချက်များအရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ASEAN Pillar များဖြစ်သော APSC၊ AEC နှင့် ASCC အောက်ရှိ Sectoral Bodies များမှ တာဝန်ရှိသူများအား ASEAN Gender Mainstreaming ဆိုင်ရာအချက်အလက်များသိရှိနိုင်ရေး ဆွေးနွေးလိုသည့် အတွက်

ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW) (၂၀၁၃-၂၀၂၂)အရ လုပ်ငန်းစဉ်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း (NSPAW Phase II) ကို ဆက်လက်၍ ရေးဆွဲရန် အတွက် လုပ်ငန်းအစီအစဉ်များချမှတ် ဆောင်ရွက်လျက် ရှိပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင် မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် အတည်ပြု လက်မှတ် ရေးထိုးခဲ့ပြီးကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်ရွက် မှု အစီရင်ခံစာများ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် “1566” ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိပြီး ဌာနဆိုင်ရာများတွင် Gender Mainstreaming ဖြစ်စေရေး၊ အမျိုးသမီးစွမ်းပကား မြင့်မားစေရေးအတွက် Gender/CEDAW/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းများကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒါ့အပြင် “ကိုဗစ် - ၁၉ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင် ရေးဆိုင်ရာလုပ်ငန်း စီမံချက်” ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေး နှစ်အတွင်း နေပြည်တော်ကောင်စီနှင့် ရခိုင်ပြည်နယ် စီမံချက် ကျေးရွာများတွင် Quick Win Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံကဏ္ဍခွဲ အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကဏ္ဍခွဲများအလိုက် လုပ်ငန်းဆောင်ရွက်မှုများတွင် ကျား/မရေးရာအမြင်ဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ အကြံပြုချက်များ၊ အတွေ့အကြုံများအား ဆွေးနွေး အကြံပြုသွားကြဖို့ တိုက်တွန်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ACWC ၏ ကလေးသူငယ် အခွင့်အရေး ကိုယ်စားလှယ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အာဆီယံကဏ္ဍခွဲများနှင့် Focal Person အဖြစ် တာဝန်ယူဆောင်ရွက်မှု အခြေအနေများ၊ ASEAN Gender Mainstreaming Strategic Framework - AGMSF ပါ အချက်အလက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ACWC၏ အမျိုးသမီးအခွင့်အရေး ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။



ထို့နောက် ASEAN Sectoral Bodies များနှင့် ကဏ္ဍခွဲအသီးသီးအား Focal Point အဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့** **နေပြည်တော်**

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီကနေ့မနက်ပိုင်းက နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင်ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များဖြစ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးများကို ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း နည်းဥပဒေရေးဆွဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး(Early Childhood Care and Development - ECCD) လုပ်ငန်းများသည် ကျယ်ပြန့် နက်ရှိုင်းပြီး ဝန်ကြီးဌာနများအနေဖြင့် နေ့ကလေးထိန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြုနှင့်အိမ်အခြေပြုလုပ်ငန်းများကိုတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရန်နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများမှာ ထည့်သွင်း ဆောင်ရွက်လျက်ရှိသော်လည်း ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် ECCD လွှမ်းခြုံမှုမှာ (၂၄.၃၇%) သာ ရှိပါသဖြင့် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေပါကြောင်း၊ မူကြိုဆရာဖြစ်သင်တန်းများတိုးချဲ့ဖွင့်လှစ်၍ မူကြိုဆရာမများ၊ ကလေးပြုစုစောင့်ရှောက်သူများနှင့် နည်းပြများကို ယခုထက် ပိုမို၍ သင်ကြား လေ့ကျင့် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း လမ်းညွှန် ပြောကြားသွားခဲ့ပါသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ထောက်ပံ့ရေးလုပ်ငန်းစဉ်များ၊ ECCD ဆိုင်ရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းရေးဆွဲထားရှိမှုနှင့်မူကြိုဆရာမ၊နေ့ကလေးထိန်းဆရာမအလုပ်အကိုင်များအတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။



ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် အစည်းအဝေးသို့ တက်ရောက်လာသော ဗဟိုကြီးကြပ်ရေး အဖွဲ့ဝင်များက ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းသုံးသပ် အကြံပြု ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မူလတန်းကြိုပညာရေးနှင့် စပ်လျဉ်း၍ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး Mechanism တစ်ခုထူထောင်ရန် လိုအပ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးနည်းလမ်းများနှင့်အညီ ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအား အတည်ပြု ထုတ်ပြန်ပြီးပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်

ကြီးကြပ်ရေးအဖွဲ့များနှင့်အတူ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာအကူအညီနှင့် ထောက်ပံ့မှုများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကနေ့ကလေးထိန်း၊ မူလတန်းကြိုကျောင်းတို့ကို ဥပဒေနဲ့အညီ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်လျှောက်ထားနိုင်စေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ပြောကြား ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို နေ့လယ် (၁၂:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအား အရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့** **နေပြည်တော်**

လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်း ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာအဆိုပါအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးစိုးကြည်၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့တွင် နိုင်ငံတော်အဆင့် တည်ထောင်ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လူမှုရေးပညာမဟာဌာန (Faculty of Social Work) ဖွဲ့စည်းတည်ထောင်ပြီး လူမှုရေးပညာဘွဲ့ဒီဂရီပေးအပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၌ လူမှုရေးပညာဘာသာရပ်ပထမနှစ်သင်တန်းစတင်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် လူမှုရေးပညာဘွဲ့ (Bachelor of Social Work) ပေးအပ်သွားမှာ ဖြစ်သောကြောင့် အဓိက ကျသော ပထမနှစ်သင်ရိုးညွှန်းတမ်းအတည်ပြုသတ်မှတ်ပေးနိုင်ရေးဆောင်ရွက်ထားရှိမှုများအား ညှိနှိုင်းဆွေးနွေးကြမှာဖြစ်ပါကြောင်း၊ လူမှုရေးပညာဘွဲ့ ဖွင့်လှစ်သင်ကြား ပေးနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုဝန်ထမ်းလုပ်ငန်း များနှင့် လူမှုရေးဝန်ဆောင်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရေး လိုအပ်ချက် (Demand Side) အတွက် ပညာရေး စနစ်မှ လူမှုရေးပညာရပ် ကျွမ်းကျင် လူသားရင်းမြစ်များ ဖြည့်တင်းမွေးထုတ်ပေးနိုင်ရေး (Supply Side) အတွက် ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ သင်တန်းဖွင့်လှစ်ပြီးပါက Naypyitaw State Academy တွင် လူမှုရေးပညာဘွဲ့ စတင်ပေးအပ်သွားနိုင်မှာ ဖြစ်လို့ လူမှုဝန်ထမ်း လုပ်ငန်း စိတ်ပါဝင်စားသူများ အတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်လာပြီးအလုပ်အကိုင်အခွင့်အလမ်းများ လည်း ရရှိလာမှာဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။



ထို့အပြင်လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနမှ ဝန်ထမ်း(၁၉)ဦးကို အိန္ဒိယနိုင်ငံရှိ Tata Institute of Social Sciences တွင် လူမှုရေးပညာ မဟာဘွဲ့ရယူရန် ၂၀၂၂ခုနှစ်၊ ဩဂုတ်လမှစ၍ ပညာသင် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ သင်ရိုးညွှန်းတမ်းမူကြမ်းကို Tata Institute of Social Sciences မှ ဘာသာရပ် ဆိုင်ရာ ပါမောက္ခများက Technical Advisor အဖြစ် လာရောက်ပြီး အကြံပြုသုံးသပ်ပေးခြင်းနှင့် လိုအပ်သည့် သင်တန်းများ ပို့ချပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံ သံရုံး နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပြင်ပ လူမှုရေးပညာရှင် များနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ Core Team အဖွဲ့ဝင် များက သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်ပြီး လိုအပ်မည့် အချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှသာ လူမှုရေး ပညာဘွဲ့အတွက် ပြည့်စုံလုံလောက်သည့် သင်ရိုးညွှန်းတမ်းအား ရရှိနိုင်မည် ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုရေးပညာမဟာဌာန (Faculty of

Social Work) ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေးလုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ပတ်သက်၍ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူး လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၊ ကျောင်းအုပ်တို့မှ ရှင်းလင်းတင်ပြခြင်း၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ အထွေထွေ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးအား နေ့လယ် (၁:၃၀)တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရခိုင်ပြည်နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ၊ တတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခြင်း



**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ စစ်တွေမြို့**

ရခိုင်ပြည်နယ် အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအတွက် ၂၀၂၂-၂၀၂၃၊ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို (၇-၂-၂၀၂၃) ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့၊ ဦးဥတ္တမခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ဒေါ်ဆွေဆွေမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားခံဘိုး/ဘွားများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် ထောက်ပံ့ရခြင်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝမြင့်တင်ရေးနှင့် စောင့်ရှောက်ရေး လုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက တည်ထောင် ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်(၂၀၁၄) နှင့် သက်ကြီး ရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆) အရ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် အမျိုးသား လူမှုရေးပင်စင် ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ခုနှစ်ဘဏ္ဍာရေးနှစ်မှစတင်ပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိမှာ အကျိုးခံစားခွင့်ရှိသူ(၂၃၂,၇၀၃)ဦးကိုထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အနေဖြင့် ယခုတတိယ (၃) လပတ်ကာလအတွင်း အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို (၁၄,၂၉၄)ဦးရှိပြီး ထောက်ပံ့မှုအနေဖြင့် စုစုပေါင်း (ကျပ်သိန်းလေးထောင့်နှစ်ရာရှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းတိတိ) ကို ထောက်ပံ့ ပေးအပ်သွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းသည် အသက်(၆၀)နှစ်နှင့်အထက်ဖြစ်ပါကြောင်း၊ ထိုလူဦးရေအချိုးအစားပြောင်းလဲလာမှုအပေါ် အခြေခံပြီး အနာဂါတ်အတွက် ကြိုတင်ပြင်ဆင် ထားကြရမည်ဖြစ်ကြောင်း၊ အလားတူ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအတွက် မိသားစုအဆင့်နှင့် ရပ်ရွာအဆင့်ကို ပိုမိုခိုင်မာအားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင် သက်ကြီးရွယ်အိုများသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား ယခုကဲ့သို့ လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း သာမက သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရှိစေရေး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ်အတွင်း ရခိုင်ပြည်နယ်ရှိ အသက်(၈၅) နှစ်အထက် ဘိုးဘွား(၁၄,၂၉၄)ဦးအတွက် ထောက်ပံ့ကြေး ငွေ (၄၂၈,၈၂၀,၀၀၀/-) ကျပ် အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အဘိုး၊ အဘွားများအား လူမှုရေးပင်စင်နှင့် ထောက်ပံ့ပစ္စည်း အဝတ်အထည်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြပြီး အဘိုးအဘွားများအား အာဟာရများကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ယနေ့ လူမှုရေးပင်စင် ပေးအပ်ပွဲ အခမ်းအနားသို့ စစ်တွေမြို့နယ်မှ သက်ကြီး အဘိုး (၅၅) ဦး နှင့် အဘွား (၆၅) ဦး၊ စုစုပေါင်း အဘိုး/အဘွား (၁၂၀)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဖေဖော်ဝါရီလအတွင်း သဘာဝဘေးအသိပညာပေးဆောင်ရွက်မှု



(၂၅-၁-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ဗီနိုင်းပိုစတာ(အစား) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဗီနိုင်းပိုစတာ လဲလှယ်တပ်ဆင်ခဲ့ပါသည်။

(၃-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)၌သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။





(၇-၂-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကသာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကသာမြို့နယ်မီးသတ်ဦးစီးဌာနနှင့်အတူ ပူးပေါင်း၍ ကသာမြို့နယ်အတွင်းရှိ ပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု

(၁၈-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ်တွင် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သင်တန်းဖွင့်လှစ်မှုသတင်း



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ကို (၂၂-၂-၂၀၂၃) ရက်နေ့မှ (၂၄-၂-၂၀၂၃) ရက်နေ့ အထိ ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တောရိုင်းဆင်ဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

(၁၉-၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်းကျေးရွာအုပ်စု၊ကျောက်ပုံတော်ကျေးရွာ၌ တောရိုင်းဆင်ဝင်ရောက်မှုကြောင့် သေဆုံးသူ(၁)ဦးအတွက် ထောက်ပံ့ငွေ(၃၀၀,၀၀၀/-) ကို (၃-၂-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။





(၂၀-၁-၂၀၂၃)ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နယ်၊ မအူကန်ကျေးရွာနှင့် တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာတို့တွင် တောရိုင်းဆင်ဝင်ရောက်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်ခြေ(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ထိခိုက်သူဦးရေ (၁၄) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ (၂၈,၄၀၀/-) တို့ကို (၂၅-၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

(၅-၂-၂၀၂၃)ရက်နေ့တွင် မြိတ်မြို့နယ်၊ တုံးဗျော ကျေးရွာအုပ်စု၊ မွေ့ရောင်ကျေးရွာတွင် လေဘေးဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၂,၆၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၇-၂-၂၀၂၃)ရက်နေ့တွင် မြိတ်ခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။





(၁၂-၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ ပထော်ကျေးရွာ၌ လေဘေးဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို လေဘေးသင့်ပြည်သူများထံသို့ (၁၃-၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ဘေးလျော့ပါးရေး

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်း

ထောက်ပံ့ရေး

(၁၇-၂-၂၀၂၃) ရက်နေ့တွင် မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စု ချောင်းနက်ကျေးရွာနှင့် ထောက်ကြံ့ကျေးအုပ်စု၊ထောက်ကြံ့ကျေးရွာတို့၌လေဘေး ဖြစ်ပွားခဲ့မှုကြောင့် အမိုးလှန်ပျက်စီး လူနေအိမ်(၅)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၉၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၁)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄၄,၁၀၀/-) တို့ကို (၂၀-၂-၂၀၂၃) ရက်နေ့တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။






(၁၇-၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် လေဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၂၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁,၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၀၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၁၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၂) ပုံးတို့ကို(၂၁-၂-၂၀၂၃)ရက်နေ့တွင်မအူပင်ခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၇-၂-၂၀၂၃)ရက်နေ့နှင့် (၁၈-၂-၂၀၂၃)ရက်နေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာအုပ်စု၊ ထန်းတပင်ကျေးရွာအုပ်စု၊ ကြာဂရက် ကျေးရွာအုပ်စု၊ ဒေါင့်ကြီးကျေးရွာအုပ်စုတို့တွင် လေဘေးဖြစ်ပွားခဲ့ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၂၈)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၆၆၀,၀၀၀/-)၊ လူဦးရေ(၁၃၀)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၇၃,၀၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၂၂-၂-၂၀၂၃)ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။







(၁၇-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊တိုက်ကြီးမြို့နယ်အတွင်း လေဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၁၄၉)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၈,၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅၄၁) ဦးတို့အတွက် ဆန်ရိက္ခာဖိုး (၁,၁၃၆,၁၀၀/-)တို့ကို (၁၇-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

(၃၀-၁-၂၀၂၃)ရက်နေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဒရယ်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၃)တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂) ဦး တို့အတွက် ဆန်ရိက္ခာဖိုး(၄,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုး တို့ကို (၃၀-၁-၂၀၂၃) ရက်နေ့တွင် ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၈-၁-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကတွန်ကျေးရွာအုပ်စု၊ ဘူတာပိုင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦးတို့အတွက်ဆန်ရိက္ခာဖိုး(၁၂,၆၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၃၀-၁-၂၀၂၃)ရက်နေ့တွင် ပေါင်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၉-၁-၂၀၂၃)ရက်နေ့တွင်စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာအုပ်စု၊ အနောက်ရဲ IDPs Camp တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးတို့အတွက် ဆန်ရိက္ခာဖိုး(၄,၂၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၃၁-၁-၂၀၂၃)ရက်နေ့တွင် စစ်တွေခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁-၂-၂၀၂၃) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ လျှပ်စစ်ကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၇၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂၀)ဦးတို့အတွက် ဆန်ရိက္ခာဖိုး(၄,၂၀၀၀/-) နှင့် family kits (၄)ပုံး၊ Mask (၄၀)ခုတို့ကို (၁-၂-၂၀၂၃)ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၅-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အမှတ် (ဓဓ-၂၄/၆၄) ၌ “ကျော်သီဟ” ရေနံ့စိမ်းဘောက်ဆာပြုပြင်ရေးလုပ်ငန်းတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ (၄,၂၀၀/-) တို့ကို (၂-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၃-၂-၂၀၂၃)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ကျန်တောကျေးရွာအုပ်စု၊ ကျန်တောကျေးရွာတွင် မီးဘေးဖြစ်ပွားမှုကြောင့် ဘေးသင့်ခဲ့သည့် လူနေအိမ် (၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉)ဦးတို့အတွက် ဆန်ရိက္ခာဖိုး (၁၈,၉၀၀/-) နှင့် family kits (၂)ပုံး၊Mask (၁၈)ခုတို့ကို (၆-၂-၂၀၂၃) ရက်နေ့တွင် ကသာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၆-၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဇေဒိတ်ကျေးရွာအုပ်စု၊ ထန်းတောကျေးရွာရှိ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်(၁၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၃၇၂,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၅၁,၂၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးနှင့် စက္ကူပုံး(၁၄)ပုံးတို့ကို (၈-၂-၂၀၂၃)ရက်နေ့တွင် နွားထိုးကြီးမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၈-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ မင်းလမ်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၉-၂-၂၀၂၃) ရက်နေ့တွင် ရမည်းသင်း ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မင်းဂုတ်ကျေးရွာအုပ်စု၊ မင်းဂုတ်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၆,၈၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၃-၂-၂၀၂၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၈-၂-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ နှင်းဆီလမ်းတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးခဲ့သည့် လူ(၁)ဦး အတွက်ထောက်ပံ့ငွေ(၃၀၀,၀၀၀/-)ကျပ်အား(၁၃-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။




(၁၁-၂-၂၀၂၃) ရက်နေ့တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကရုတ်ကျေးရွာရှိ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့်လူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၄၀၀,၀၀၀/-)၊

ဘေးသင့်လူဦးရေ (၃)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၁၃-၂-၂၀၂၃) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပါသည်။



(၁၃-၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်းကျေးရွာအုပ်စု၊ ရေလောင်းကျေးရွာ၊ ကွင်းအမှတ်(၅၁၈/ရေလောင်းကွင်း)ရှိ ဆည်မြောင်းဘောင်တွင် ကျူးကျော်နေအိမ်များ မီးလောင်ကျွမ်းခြင်းကြောင့် ဘေးသင့်လူဦးရေ (၅၇)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၁၉,၇၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၅-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၃-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်လေးကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၅-၃-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၅-၂-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကျောက်ဖြူကျေးရွာအုပ်စု၊ ပိန္နဲတောင်ကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့်လူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁)ဦး အတွက် ဆန်ရိက္ခာဖိုးငွေထောက်ပံ့ငွေကျပ် (၂,၁၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၁၆-၂-၂၀၂၃)ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၃-၂-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ကျီးချောင်းကျေးရွာအုပ်စု၊ ကျီးချောင်းကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သည့် လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၅)ဦးအတွက် ဆန်ရိက္ခာဖိုးငွေထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၁၆-၂-၂၀၂၃) ရက်နေ့တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၆-၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၄)လုံး

အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၈၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၅)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅၂,၅၀၀/-)၊ သေဆုံးသူ (၁)ဦးအတွက် ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၁၇-၂-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၁၈-၂-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ညံကန်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်(၄)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၄၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၃)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၇,၃၀၀/-)၊ ဒဏ်ရာရသူ(၁) ဦးတို့အတွက် ထောက်ပံ့ငွေ (၅၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆) မျိုးတို့ကို မင်းဘူးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၉-၂-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကန်နီပေါက်ကျေးရွာအုပ်စု၊ ဂျိုးကန်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၁၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၆,၀၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၆၃)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၃၂,၃၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၂၀-၂-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၀-၂-၂၀၂၃)ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ မြောင်းဦးကျေးရွာအုပ်စု၊ မန်ကျီးတန်းကျေးရွာ၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၂၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၃,၂၀၀.၀၀၀/-) ဘေးသင့်လူဦးရေ(၁၁၄)ဦးအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ်(၂၃၉,၄၀၀/-)၊ဒဏ်ရာရသူ(၂)ဦးအတွက် ထောက်ပံ့ ငွေကျပ် (၁၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုး တို့ကို (၂၁-၂-၂၀၂၃) ရက်နေ့တွင် ကျောက်ဆည်ခရိုင် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။




(၂၀-၂-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်း(၁) ရပ်ကွက်တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်(၂) လုံးအတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၈)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုး တို့ကို (၂၂-၂-၂၀၂၃) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၂-၂၀၂၃)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့မြင့်ကျေးရွာတွင် မီးဘေးဖြစ်ပွား

ခဲ့မှုကြောင့် ပျက်စီးနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၁,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၃-၂-၂၀၂၃)ရက်နေ့တွင်ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၃-၂-၂၀၂၃) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရွာသစ်/ပွဲကြို့ရပ်ကွက်တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-)၊ သေဆုံးသူ(၁)ဦးအတွက် ထောက်ပံ့ငွေ(၃၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈)မျိုးတို့ကို မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂၃-၂-၂၀၂၃) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကမ်းပြိုဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ



(၃၁-၁-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ပန်းတုန်းပိတ်ကျေးရွာအတွင်း မြစ်ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်(၃၉)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၃,၉၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၈၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၈၆,၄၀၀/-) တို့ကို (၁၇-၂-၂၀၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၀-၂-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကုက္ကိုဝကျေးရွာတွင် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် နေအိမ်(၅)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ(၂၉,၄၀၀/-)တို့ကို ညောင်တုန်းမြို့နယ်ဦးစီးမှူးရုံးမှ (၂၁-၂-၂၀၂၃) ရက်နေ့တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုအခြေအနေ



ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် (၁-၁-၂၀၂၃) ရက်နေ့မှ (၃၁-၁-၂၀၂၃) ရက်နေ့အထိ အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ(၆)ဦးနှင့် ဒဏ်ရာရရှိသူ(၇)ဦးတို့အတွက် ထောက်ပံ့ငွေကျပ် (၂,၁၅၀,၀၀၀/-) ကို (၁၇-၂-၂၀၂၃) ရက်နေ့တွင် ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၆-၂-၂၀၂၃) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အကြမ်းဖက်အဖွဲ့များမှ ထောင်ထားသည့်မိုင်းအား မော်တော်ယာဉ်(၁) စီးမှနင်းမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မော်တော်ယာဉ်တွင် စီးနင်းလိုက်ပါလာသောသူများအနက် သေဆုံးသူ(၃) ဦးနှင့် ဒဏ်ရာရရှိသူ (၁) ဦး အတွက် ထောက်ပံ့ငွေ(၉၅၀,၀၀၀/-)ကို (၂၂-၂-၂၀၂၃)ရက်နေ့တွင် ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)၏ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့**

**ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ ရပ်ရွာအခြေ ပြုမူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို (၁၄.၂.၂၀၂၃) ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေအုပ်စု၊ ပန်ကွဲတောင်ရွာ၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင်တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်ချုပ်နီလင်းအောင်က မူးယစ်ဆေးပြဿနာသည် နိုင်ငံ၏တိုးတက်မှုကိုပင် ထိခိုက်နိုင်ပြီး တိုင်းပြည်၏ လူသားအရင်းအမြစ် ပျက်သုန်းစေကာ ကျန်းမာသန်စွမ်းသည့် လူရွယ်လူလတ်ပိုင်းများသည် မူးယစ်ဆေး၏ သားကောင် ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ မူးယစ်ဆေးဝါးကို တွယ်ငြိမိလျှင်ရုန်းထွက်ရန် ခက်ခဲပြီး သုံးစွဲပါက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကို ထိခိုက်နိုင်ပါကြောင်း၊ မူးယစ်ဆေးသုံးစွဲသူအနေဖြင့် မူးယစ်ဆေးဖြတ်ကုသပြီးနောက် ဘဝရပ်တည်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း ဖွင့်လှစ်ရခြင်းမှာ လူမှုဒုက္ခခံစားနေရသူများကို ပြန်လည်ထူထောင်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့်ဘဝကို ရရှိစေရေးနှင့် ရှမ်းပြည်နယ်

အတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်သော နယ်မြေဖြစ်လာစေရန်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးကျော်စွာက ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် လုပ်ငန်းတာဝန် (၅) ရပ်အနက်မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးသင်တန်းများတွင် စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိပြီးဒေသနှင့်ကိုက်ညီသည့် သက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တြိဂံတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများနှင့် မိဘများ၊ စုစုပေါင်း (၁၅၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းကို သင်တန်းသား(၃၀)ဦးဖြင့် ရက်(၄၀)ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)၏ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့**



မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားအား (၂၄.၂.၂၀၂၃)ရက်

**ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)**

နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက မူးယစ်ဆေးဝါးသည် ကမ္ဘာကို ခြိမ်းခြောက်နေပြီး လူတို့အားပျက်စီးဆုံးရှုံးမှုပေးလျက်ရှိပါကြောင်း၊ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်အောက်တွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(၁၄)ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါကြောင်း၊ လားရှိုးတွင် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း(အမျိုးသမီး) အား မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပထမဆုံး

အကြိမ် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် နောက်ဆက်တွဲ စောင့်ရှောက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်၏ အသက်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှ သင်ကြားပေးသည့် အတွေ့အကြုံသစ်များ ရယူပြီး မိမိကိုယ်ကို တိုးတက်အောင်မြင်အောင် ကြိုးစားနေထိုင်ကြရန်နှင့် ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်စေမည့် သားကောင်းရတနာများဖြစ်ကြပါစေလို့ပြောကြားခဲ့ပါသည်။



ဆက်လက်၍ မူးယစ်ဆေး ဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဝါဝါကြွယ်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော အရပ်ဖက်၊ မိတ်ဖက်အဖွဲ့အစည်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး) မှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသားများ စုစုပေါင်း (၆၀)ဦး တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားအား နံနက်(၁၁:၀၀)အချိန်တွင် ပြီးဆုံးခဲ့ကြောင်းနှင့် သင်တန်းအား သင်တန်းသား (၂၀)ဦးဖြင့် ရက်(၄၀)ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။







